-အကြင်သူသည် အစ္စလာမ်သာသနာတော်၌ (စွဲမြဲစွာတည်ရှိပြီး)ကောင်းမွန်စွာ လိုက်နာကျင့်သုံးခဲ့လျှင်အမိုက်ခေတ်တွင် ထိုသူ ပြုလုပ်ခဲ့သော ပြစ်မှုများအတွက်အရေးယူခြင်းခံရမည်မဟုတ်ပေ။ အကြင်သူသည်အစ္စလာမ်ကိုလက်ခံပြီး(ဘာသာပျက်ကာ)

မကောင်းမှုကျူးလွန်ခဲ့လျှင် ထိုသူ

အစ္စလာမ်လက်မခံမီနှင့် အစ္စလာမ်လက်ခံပြီးနောက်

ကျူးလွန်သမျှ အပြစ်တို့ကို အရေးယူခြင်းခံရမည်။

အိဗ်နုမတ်စ်အူးဒ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ ပုဂ္ဂိုလ်တစ်ဦးက အို-
အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် ကျွန်တော်မျိုးတို့ အမိုက်ခေတ်တွင်
ကျူးလွန်ခဲ့သော အပြစ်များနှင့်ပတ်သက်၍ အရေးယူခြင်းခံရမည်လောဟု
မေးမြန်းလျှောက်ထားခဲ့သည်။ ကိုယ်တော်က အမိန့်ရှိသည်မှာ -အကြင်သူသည်
အစ္စလာမ်သာသနာတော်၌ (စွဲမြဲစွာ တည်ရှိပြီး)ကောင်းမွန်စွာ
လိုက်နာကျင့်သုံးခဲ့လျှင် အမိုက်ခေတ်တွင် ထိုသူ ပြုလုပ်ခဲ့သော ပြစ်မှုများအတွက်
အရေးယူခြင်းခံရမည်မဟုတ်ပေ။ အကြင်သူသည် အစ္စလာမ်ကိုလက်ခံပြီး(ဘာသာပျက်ကာ)
မကောင်းမှုကျူးလွန်ခဲ့လျှင် ထိုသူ အစ္စလာမ်လက်မခံမီနှင့်
အစ္စလာမ်လက်ခံပြီးနောက် ကျူးလွန်သမျှ အပြစ်တို့ကို အရေးယူခြင်းခံရမည်။
[صحيح] [متفق عليه]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည်
အစ္စလာမ်သာသနာတော်အတွင်းသို့ဝင်ရောက်ခြင်း၏ မွန်မြတ်မှုကို ရှင်းပြတော်မူသည်။မည်သူမဆို အစ္စလာမ်သာသနာတော်ကိုသက်ဝင်ယုံကြည်၍ ကောင်းမွန်စွာ လိုက်နာကျင့်သုံးမည်။၎င်းသည် ‘အိခ်လာဆွ်’နှင့်တကွ မှန်ကန်စွာလက်ခံကျင့်သုံးသူဖြစ်ပါက အမိုက်ခေတ်တွင်ထိုသူပြုလုပ်ခဲ့သော ပြစ်မှုများအတွက် အရေးယူခြင်းခံရမည်မဟုတ်ပေ။ အကြင်သူသည်အစ္စလာမ်ကိုလက်ခံပြီးနောက်မကောင်းမှုကျူးလွန်ခဲ့လျှင် ဥပမာ- မုနာဖိက်အရေခြုံမွတ်စ်လင်မ်ဖြစ်ခဲ့လျှင် သို့မဟုတ် အစ္စလာမ်ကို ပြန်လည် စွန့်လွှတ်ခဲ့လျှင်ထိုသူအစ္စလာမ်လက်မခံမီနှင့် အစ္စလာမ်လက်ခံပြီးနောက် ကျူးလွန်သမျှ အပြစ်တို့အတွက်အရေးယူခြင်းခံရမည်ဖြစ်သည်။

http://www.sunnah.global/hadeeth/my/show/65002